**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**https://nugmyanmar.org**


# ခရစ္စမတ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာ

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၂၅) ရက်

၁။ ယနေ့သည် သခင်ယေရှုခရစ်တော်ဖွားမြင်တော်မူခြင်းအထိမ်းအမှတ်တည်းဟူသောခရစ္စမတ်နေ့ဖြစ်သည်။ ဤမွန်မြတ်သော ခရစ္စမတ်နေ့ရက်အချိန်အခါသာမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း မေတ္တာပို့သလျက်နှုတ်ခွန်းဆက်သအပ်ပါသည်။

၂။ သခင်ယေရှုခရစ်တော်သည် လူ့ဇာတိကိုခံယူတော်မူလျက် ဤကမ္ဘာလောကထဲသို့ကြွလာတော်မူခြင်းမှာ “ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှာလည်းကောင်း၊ နှလုံးကြေမွသော သူတို့၏ အနာကို ပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှာ လည်းကောင်း၊ ညှင်းဆဲခံရ သောသူတို့ကိုကယ်မစေခြင်းငှာလည်းကောင်းနှင့် ထာဝရဘုရား၏မင်္ဂလာနှစ်နှင့် ဘုရားသခင် အပြစ်ပေးတော် မူရာနေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း” (ဟေရှာယ ၆၁:၁-၃၊ ရှင်လုကာ ၄: ၁၉) ဖြစ်ကြောင်း သမ္မာကျမ်းစာတော်တွင် ဖော်ပြထားပါသည်။

၃။ သမ္မာကျမ်းစာတော်တွင်ဖော်ပြချက်အရ ဤကမ္ဘာလောကနှင့် လူသားတို့အား ပျက်စီးရာထဲသို့ ရောက်စေသူမှာ မာရ်နတ်ဖြစ်သည်။ သခင်ယေရှုခရစ်တော်က မာရ်နတ်နှင့်ပတ်သက်၍ “မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည်

မုသာစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသာစကား၌ကျင်လည်သောသူဖြစ်၏။ မုသာ၏အဘလည်းဖြစ်၏” (ရှင်ယောဟန် ၈:၄၄) ဟူ၍ အတိအလင်းဖော်ပြခဲ့သည်။

၄။ မာရ်နတ်၏တန်ခိုးကို ရိုက်ချိုး၍ လူတို့အားလွတ်မြောက်ခြင်းကို ပေးအပ်နိုင်ရန် သခင်ယေရှုခရစ်တော်သည် ဤလောကသို့ကြွဆင်းလာခဲ့သည်။ ထိုသခင်ယေရှုခရစ်တော်သည် မတရားမှုကို ကိုယ်တိုင် လက်မခံငြင်းဆန် သည်သာမက၊ မတရားပြုသူများနှင့် မတရားမှုကိုမြင်တွေ့သော်လည်း ရေငုံနုတ်ပိတ်နေကြသူများအား ပြင်းထန်စွာထောက်ပြခဲ့သည်။ ထို့အတူ နတ်ဆိုးနှင့်အလားသဏ္ဍာန်တူသော ကျုးကျော်အုပ်စိုးသူများအား မောင်းထုတ်ဖယ်ရှားနိုင်မှသာ စစ်မှန်သည့်ငြိမ်းချမ်းမှုနှင့် လူပီသသည့် ဘဝရရှိနိုင်မည်ဟု လေဂေါင်နတ်ဆိုးစွဲသော ဂါဒရပြည်သား၏ဖြစ်ရပ် (ရှင်လုကာ ၈:၂၆-၃၉) ဖြင့် သွန်သင်တော်မူခဲ့သည်။

၅။ ဤခရစ္စမတ်နေ့ရက်အခါသာမယတွင် မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်း ဘေးရန်ခပ်သိမ်းမှ ကင်းလွတ်လုံခြုံ ၍ ငြိမ်သက်ချမ်းသာခြင်း၏ဝမ်းမြောက်စရာသတင်းကောင်းများဖြင့် ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤနှုတ်ခွန်းဆက် သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

“မြေကြီးပေါ်၌ ငြိမ်သက်ခြင်းရှိစေသတည်း။ လူအပေါင်းတို့၌မေတ္တာကရုဏာရှိစေသတည်း” (ရှင်လုကာ ၂:၁၄)

အမျိုးသား ညီညွတ်ရေးအစိုးရ